# အမျိုးသမီးခေါင်းဆောင်သော အိမ်ထောင်စု၏ မိသားစုများ နေ့စဉ်ရှင်သန်မှုအတွက် သူမတို့ဘဝတွင် ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများကိုကျော်လွှားပြေလည်အောင် ဖြေရှင်းခဲ့ကြရသည့် နည်းလမ်းများကိုလေ့လာခြင်း



THE LUTHERAN WORLD FEDERATION

actalliance

အမျိုးသမီးခေါင်းဆောင်သော အိမ်ထောင်စု၏
မိသားစုများ နေ့စဉ်ရှင်သန်မှု အတွက်
သူမတို့ ဘဝတွင် ကြုံတွေ့ ခဲ့ရသော
စိန်ခေါ်မှုများကို ကျော်လွှား ပြေလည်အောင်
ဖြေရှင်းခဲ့ကြရသည့်နည်းလမ်းများကို
လေ့လာခြင်း

ဖြစ်ရပ်မှန်လွေ့လာမှု (၁)

**ဒေါ်မိုးမိုး**



ဒေါ်မိုးမိုး အသက် ၁၆ နှစ်အရွယ်တွင် မိဘများမှာ ကွာရှင်းခဲ့ပါတယ်။ ။ သူမမိသားစုဟာ မြေယာမဲ့တွေပါ။
သူမနှင့် မိခင်ဖြစ်သူမှာ သူများမြေယာတွင် နေ့စားအနေနှင့်ဖြင့်လုပ်ကိုင်ကာ အသက်မွေးကြပါတယ်။
သူမသည် အသက် ၂၆ နှစ်အထိ အလုပ်ကြမ်းသမားအဖြစ် လုပ်ကိုင်ခဲ့ပါပြီး ၅ တန်း အထိပဲ ပညာသင်ကြားခဲ့ရပါတယ်။
သူမသည် အလုပ်ကြိုးစားသူတစ်ယောက်ဖြစ်ပြီး ဝင်ငွေပိုရရန် အခြားသူများထက် အချိန်ပိုအလုပ်လုပ်ခဲ့ပါတယ်။
ဥပမာအားဖြင့်၊ အခြားသူများက တစ်နေ့လျှင် (၅) နာရီ အလုပ်လုပ်သော်လည်း၊ သူမကတစ်နေ့လျှင် (၇) နာရီ အလုပ်လုပ်ပါတယ်။
ဒါကြောင့် သူမ၏ နှစ်နာရီကြာ အချိန်ပို အလုပ်လုပ် ဝင်ငွေ ၂၀၀၀ ကျပ် တစ်ခြားသူများထက် ပိုမိုရရှိပါတယ်။


ဒေါ်မိုးမိုးဟာ အခြားသူများထက် တစ်နာရီစောပြီး အလုပ်သွားလေ့ရှိပြီး အခြားသူများထက် တစ်နာရီနောက်ကျပြီးမှ အိမ်သို့ ပြန်လာလေ့ရှိပါတယ်။ သူမသည် အပိုငွေကို ချွေတာခဲ့ပြီး သူမ၏ အသက်ရှင်သန်မှုအတွက် အချိန်ပိုအလုပ်လုပ်သည့် နည်းဗျူဟာကို အသုံးပြုခဲ့ပါတယ်။
စိုက်ပျိုးချိန်ကုန်ဆုံးသွားသောအခါ သူမ၏စုဆောင်းထားငွေ ၁၀၀၀၀ ကျပ်ဖြင့် စတင်ရင်းနှီးမြှုပ်နှံပြီး ရွာတွင် လမ်းဘေး ဆိုင်ဖွင့်ကာ ကုန်ပစ္စည်းများရောင်းချခဲ့ပါတယ်။ အထူးသဖြင့် ထန်းလျက် ကို အဓိကရောင်းပါတယ်။
သူမ အသက် ၂၇ နှစ်တွင် အသက် ၃၆ အရွယ် အစ်ကို ဝမ်းကွဲဖြစ်သူနှင့် လက်ထပ်ထိမ်းမြားခဲ့ပါတယ်။



အိမ်ထောင်သက်တစ်နှစ်အကြာတွင် ခင်ပွန်းသည် ထန်းရည်ကောက်နေစဉ်
ထန်းပင်ပေါ်မှ မတော်တဆပြုတ်ကျခဲ့ပြီး ခန္ဓာကိုယ်အောက်ပိုင်းနှင့်
ခြေထောက်နှစ်ဖက်လုံး ထိခိုက်ခဲ့ပြီး ဘဝတစ်လျှောက်လုံး မသန်းစွမ်း
ဖြစ်သွားခဲ့ပါတယ်။
အဲ့ဒီအချိန်မှာ သူမတွင် ကိုယ်ဝန်(၅)လရှိနေပါပြီ။
တချိန်တည်းမှာပဲ သူ့အမေက ရွာမှာ မြွေကိုက်လို့ သေဆုံးသွားခဲ့ပါတယ်။
ဒါကြောင့် ကောက်ပဲသီးနှံရာသီတွင် အလုပ်ကြမ်းသမားအဖြစ်
လုပ်ကိုင်ပြီး သီးနှံမဟုတ်သောရာသီများတွင် လမ်းဘေးဈေးသည်
အဖြစ် နှင့် ပစ္စည်းများရောင်းချခဲ့ရပါတယ်။
သူမ၏မွေးဖွားပြီးကာစ (၂)လသားအရွယ် ကလေးအား
ပြုစုစောင့်ရှောက်ရင်း ရွာတစ်ဝိုက်မှာ ပစ္စည်းများကို
လိုက်လံ ရောင်းချရခဲ့ပါတယ်။
ဒါပေမဲ့ ကလေး (၅) လသားအရွယ်မှာ အာဟာရချို့တဲ့ပြီး
စိတ်ဖိစီးမှုကြောင့် သေဆုံးသွားခဲ့ပါတယ်။




အခက်အခဲများကိုရုန်းကန်ရင်း နှစ်အနည်းငယ်ကြာပြီးနောက် သူမအိမ်ရှေ့တွင် ဆိုင်တစ်ဆိုင်ကို
ဖွင့်နိုင်ခဲ့ပြီး သူမခင်ပွန်းနဲ့အတူ မုန့်ပဲသရေစာများနှင့် ကုန်ခြောက်များ ရောင်းချပေးခဲ့ပါတယ်။
တဖြည်း ဖြည်းနှင့် သူမသည် လုပ်အားခကိုချွေတာကာ
ကုန်ပစ္စည်းများကို ပိုမိုရောင်းချနိုင်ခဲ့ပြီးဝင်ငွေ ထွက်ငွေကိုချွေတာ
ကာ ကုန်သည်ငယ်တစ်ယောက် ဘဝသို့ရောက်ရှိ လာခဲ့ပါတယ်။
သရေစာအချို့စားခြင်းမျိုး ဒါမှမဟုတ်
မလိုအပ်တဲ့ အပိုပစ္စည်းနှင့် စားသုံးရန်
ဝယ်ယူခြင်းကဲ့သို့သော အသုံးစရိတ်များကို
ခြွေတာတတ်သောအကျင့် သူမတွင်ရှိခဲ့ပါတယ်။
ဒီခြွေတာတတ်သောအကျင့်ဟာ သူမဘဝတိုး
တက်ကောင်းမွန်သော အကျင့်တစ်ခုဖြစ်ပါတယ်။
ဤအဆင့်တွင်၊ သူမသည် လုပ်အားခအဖြစ် လုပ်ကိုင်ရန် မလိုအပ်
ပေ။ ငါးခြောက်ထွက်ကုန်များ ရောင်းချသည့် လုပ်ငန်းငယ်တစ်ခုကို
ထူထောင်ခဲ့ပါတယ်။ ငါးထွက်ကုန်များကို ရွာနှင့် ၁၂ ကီလိုမီတာမှ
၁၅ ကီလိုမီတာအကွာရှိ နေရာများတွင် ရောင်းချကြခဲ့ပါတယ်
သူမသည် သူ့စကားနှင့်သူ ကတိတည်နိုင်သူ
ဖြစ်သောကြောင့် မြို့တွင်းမှ စီးပွားရေးသမားများ
မှာ အကြွေးပေးကြပါတယ်။
သူမရောင်းပြီးမှ ကုန်ပစ္စည်းတန်ဖိုးကို စီးပွားရေး
သမားများထံပြန်လည် ပေးချေနိုင်ပါတယ်။
သူမသည် အလုပ်ကြိုးစားခြင်း ကတိတည်ခြင်း
ဖြင့် သူမနာမည်ကောင်းကို ထိန်းသိမ်းထား
နိုင်ခဲ့ပါတယ်။
ပွဲရုံ


အခုချိန်မှာတော့ မြေ ၈ ဧကကို ၃၀၀,၀၀၀ ကျပ်ဈေးဖြင့် ဝယ်သည်။ ၄၀၀,၀၀၀ ကျပ် နှင့် အိမ်တစ်လုံး ဆောက်လုပ်ခဲ့ပါသည် ။ ခင်ပွန်းဖြစ်သူထံမှ အမွေဆက်ခံသည့်မြေ ၅ ဧကရှိသည်။
၁၃ ဧက
ထို့ကြောင့် ယခုအခါ စိုက်ပျိုးရေးအတွက် မြေ ၁၃ ဧက ပိုင်ဆိုင်ထားပါတယ်။
သူမသည် ယခုအချိန်တွင် ငွေပိုငွေလျှံများစုဆောင်းနိုင်ကာ ကျေးရွာ သာရေးနာရေးများတွင် မကြာခဏ လှူဒါန်းနိုင်ခဲ့ပြီး ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်လည်း ကျေးရွာသူကြီးများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။




လယ်ယာလုပ်ငန်းကို စီမံခန့်ခွဲနည်း အတွေ့အကြုံနှင့် ကျွမ်းကျင်မှု ပိုမိုရရှိလာသောကြောင့် ယခုအခါတွင် သူမလယ်တွင် လုပ်ကိုင်နေသာ နေ့စားလုပ်သားများအား စိုက်ပျိုးထားသော အပင်များကို မည်ကဲ့သို့ လယ်ထွန်ရမည်၊ မည်ကဲ့သို့ ရိတ်သိမ်းရမည်ကို နည်းစနစ်တကျ လမ်းညွှန်နိုင်ခဲ့ပါတယ်။
ထိုကဲ့သို့လမ်းညွှန်နိုင်ခြင်းမှာ သူမ အသက်လေးဆယ်ကျော်အရွယ်တွင် နိုင်ငံတကာ ကူညီပံ့ပိုးသောအဖွဲ့အစည်းများ (INGO)၊ UN နှင့် အစိုးရတို့က ကမကထပြုသော စိုက်ပျိုးရေးသင်တန်း တက်ရောက်ခြင်းမှ ရရှိလာသော အကျိုးကျေးဇူးဖြစ်ပါတယ်။
THE LUTHERAN WORLD FEDERATION
actalliance
လွန်ခဲ့သော တစ်နှစ်ခွဲခန့်က ခင်ပွန်းဖြစ်သူ ကွယ်လွန်ခဲ့ပြီး အသက်(၄၅) နှစ်အရွယ် မုဆိုးမတစ်ဦး အဖြစ် ဘဝကို ဆက်လျှက်ရပ်တည်နေပါသည်။

## ဆွေးနွေးချက်

ဒေါ်မိုးမိုး၏ စွမ်းဆောင်မှုနှင့် အားနည်းချက်အကြောင်းကိုဆွေးနွေးတဲ့အခါ အောက်ပါ အချက်များကို အခြေခံ၍ဆွေးနွေးပါ။ တက်ရောက်ဆွေးနွေးသူများအား ဒေါ်မိုးမိုး၏ စွမ်းဆောင်မှုနှင့် အားနည်းချက် ကို အောက်ပါအချက်များကိုအခြေခံ၍ ရွေးချယ်ခိုင်းပါ။

ဒေါ်မိုးမိုး၏ဖြစ်ရပ်မှန်လေ့လာမှုတွင်၊ သူမ၏ စွမ်းဆောင်မှု နှင့် ကြိုးစားမှုက သူမ၏ အားနည်းချက် အခက်အခဲများကို ကျော်လွှားနိုင်တယ်ဆိုတာကို ပေါ်လွင်အောင်ဆွေးနွေး ပေးပါ။

- သူ့မှာ လယ်မြေပိုင်မရှိတာကြောင့် သူမသည် နေ့စားလယ်လုပ်သူ အလုပ်ကြမ်းသမား အဖြစ် အလုပ်လုပ်ရသည်။
- သူမသည် အခြားသူများထက်တစ်နာရီစောပြီးအလုပ်သွားလေ့ရှိပြီးအခြားသူများထက် တစ်နာရီနောက်ကျပြီးမှ အိမ်သို့ ပြန်လာလေ့ရှိသည်။
- သူမသည် အပိုငွေကို ချွေတာသည်။
- စိုက်ပျိုးချိန်ကုန်ဆုံးသောအခါ သူမသည် ရွာလမ်းဘေး ဆိုင်ဖွင့်ပြီး ပစ္စည်းတွေ ရောင်းတယ်။
- ကောက်ပဲသီးနှံရာသီတွင် အလုပ်ကြမ်းသမားအဖြစ် လုပ်ကိုင်ပြီး သီးနှံမဟုတ်သော ရာသီများတွင် လမ်းဘေးဈေးသည်အဖြစ် နှင့် ပစ္စည်းများရောင်းချရသည်။
- သူမအိမ်ရှေ့တွင် ဆိုင်တစ်ဆိုင်ကို ဖွင့်နိုင်ခဲ့ပြီး သူ့မခင်ပွန်းအတူ မုန့်ပဲသရေစာများနှင့် ကုန်ခြောက်များ ရောင်းချပေးခဲ့ပါတယ်။
- သရေစာအချို့စားခြင်းမျိုး ဒါမှမဟုတ် မလိုအပ်တဲ့ အပိုပစ္စည်းနှင့်စားသုံးရန်ဝယ်ယူ ခြင်းကဲ့သို့သော အသုံးစရိတ်များကိုချွေတာတတ်သော အကျင့် သူမတွင်ရှိခဲ့ပါတယ်။
- သူမသည် သူ့စကားနှင့်သူ ကတိတည်နိုင်သူဖြစ်သောကြောင့် မြို့တွင်းမှ စီးပွားရေး သမားများမှာ အကြွေးပေးကြပါတယ်။
- သူမသည် အလုပ်ကြိုးစားခြင်း ကတိတည်ခြင်းဖြင့် သူမနာမည်ကောင်းကို ထိန်းသိမ်း ထားနိုင်ခဲ့ပါတယ်။
- ယခုအခါ စိုက်ပျိုးရေးအတွက် မြေ ၁၃ ဧက ပိုင်ဆိုင်ထားပါတယ်။





- လယ်ယာလုပ်ငန်းကို စီမံခန့်ခွဲနည်း အတွေ့အကြုံနှင့် ကျွမ်းကျင်မှု ပိုမိုရရှိလာ သောကြောင့် သူမလယ်တွင် လုပ်ကိုင်နေသော နေ့စားလုပ်သားများအား စိုက်ပျိုး ထားသော အပင်များကို မည်ကဲ့သို့ လယ်ထွန်ရမည်၊ မည်ကဲ့သို့ ရိတ်သိမ်းရမည်ကို နည်းစနစ်တကျ လမ်းညွှန်နိုင်ခဲ့ပါတယ်။
- သူမသည် ယခုအချိန်တွင် ငွေပိုငွေလျှံများစုဆောင်းနိုင်ကာ ကျေးရွာ သာရေးနာရေး များတွင် မကြာခဏ လှူဒါန်းနိုင်ခဲ့ပြီးရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်လည်း ကျေးရွာသူကြီးများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ ဒေါ်မိုးမိုး ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုအခက်အခဲတွေကို ကျော်လွှားဖို့ မည်သည့် နည်းလမ်းကို ကျင့်သုံးခဲ့လဲ။

၂။ လယ်ယာမြေနှင့် အိမ်တို့ကို အဘယ်ကြောင့် ထိန်းသိမ်းနိုင်သနည်း။

၃။ ဒေါ်မိုးမိုးရဲ့ ကောင်းမွန်တဲ့ အလေ့အကျင့်တွေက ဘာတွေလဲ။

၄။ ဤဘဝဇာတ်ကြောင်းမှ သင်ရရှိခဲ့သော အရေးကြီးဆုံးသင်ခန်းစာကား အဘယ်နည်း။

ဖြစ်ရပ်မှန်လေ့လာမှု (၂)

**ဒေါ်ပိုးပိုး**


ဒေါ်ပိုးပိုး၏ အသက်မှာ ၅၂ နှစ်ပါ။ ခင်ပွန်းဖြစ်သူနဲ့ ကွာရှင်းခဲ့တာ ၁၅ နှစ်ရှိပါပြီ။
အိမ်ထောင်ကွဲပြီးချိန်တွင် သမီးလေး ၄ ဦးနှင့် အငယ်ဆုံးမှာ ၇ လသာရှိသေးပါတယ်။
ခင်ပွန်းသည်သည် အရက်သောက်သူဖြစ်ပြီး ပျင်းရိကာ အချောင်သမားဖြစ်ပါတယ်။
ထိုသို့သော အမျိုးသားတစ်ဦးနှင့် သူမသည် အသက် ၃၇ နှစ်တွင် ကွာရှင်းခဲ့ပါသည်။
သူမမှာ ခင်ပွန်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ မထူးဆန်းဘူးလို့ သူမ ပြောပါတယ်။
သို့သော် သူ့သားသမီးများသည် ငယ်လွန်းသဖြင့် လုပ်ချင်သလိုလုပ်၍ မရခဲ့ပါဘူး။




သူမသည် ကလေးလေးယောက်အတွက်နေထိုင်စားသောက် ရုန်းကန်နေရသောကြောင့်
စိတ်ဖိစီးမှုများခဲ့ပြီး မိခင်နို့ရေအလုံအလောက် မထွက်ရှိခဲ့ပါဘူး။
ဒါကြောင့် သူမ၏သမီးအငယ်ဆုံးလေးမှာ မိခင်နို့အစား ထန်းရည်သောက်ခြင်းဖြင့် ကြီးပြင်းခဲ့ရပါတယ်။
သားသမီးတွေကလည်း သူတို့အမေကို မကူညီနိုင်ခဲ့ဘူး။ ဒါကြောင့် သူမသည်
အိမ်မှုကိစ္စများကို စောစောလုပ်ကာ ကောက်စိုက်ခင်းသို့ မသွားမီ သားသမီးများ
အတွက် နံနက်စာ စီစဉ်ပေးခဲ့ပါတယ်။


ဒေါ်ပိုးပိုးသည် လွန်ခဲ့သည့် ၁၅ နှစ်တာ ကာလအတွင်း ဝန်ထုပ်ဝန်ပိုး နှစ်ဆ ထမ်းဆောင်ခဲ့ပါတယ်။
ဒါအပြင် သူမသည် နေ့တစ်ဝက်အလုပ်လုပ်ပြီး သားသမီးများအတွက် နေ့လည်စာစီစဉ်ရန် အတွက် သူ့လူကြီးထံမှ နေ့တစ်ဝက်ကြေးငွေ တောင်းကာ ပြန်လာခဲ့ရပါတယ်။
ဒီလုပ်အားခက တစ်ခါတလေ ဆန်ဝယ်ဖို့ မလောက်ငှတာကြောင့် ကလေးတွေဟာ ဟင်းသီးဟင်းရွက်နဲ့ အသားမပါဘဲ ဆန်ပြုတ်နဲ့ နေရတယ်။ စိုက်ပျိုးချိန် ကုန်ဆုံးချိန်တွင် ရွာပတ်ပတ်လည်တွင် ရေသယ်ခြင်း ဟင်းသီးဟင်းရွက်များ ရောင်းချခြင်းဖြင့် ရရှိသည့် ဝင်ငွေဖြင့် ရပ်တည်ခဲ့ပါတယ်။


နိုင်ငံတကာ ကူညီပံ့ပိုးသောအဖွဲ့အစည်းများ၏ ထောက်ပံ့မှုကြောင့် သူမ၏ အသက် ၁၂ နှစ်ရှိသော သမီးအငယ်ဆုံးနှင့် သူမ ၏ မြေးမနှင့်အတူ မူလတန်းကျောင်းတွင် တက်ခွင့်ရခဲ့ပါသည်။ သူမ၏ ကျန်ကလေးများမှာ စာမတတ်ကြပါ။
ဒေါ်ပိုးပိုး၏ အငယ်ဆုံး ကလေးဟာ ငယ်ငယ်တုန်းက မိခင်နို့ မ ရရှိလို့ စာသင်ယူနိုင်တဲ့ ညဏ်ရေမမှီဘူးလို့ လူတွေက ပြောပါတယ်။
အခုချိန်တွင် ဒေါ်ပိုးပိုး၏ သမီးကြီးမှာ အသက် ၃၀ ရှိနေပါပြီ။ အိမ်ထောင်ကျပြီး သားသမီး သုံးယောက်ရှိနေပါပြီ။ သမီးဖြစ်သူနှင့် သူမ၏ခင်ပွန်းသည်မှာ ရန်ကုန်သို့သွားကာ တစ်လကို ၂၀၀,၀၀၀ ဖြင့် အလုပ်သွားလုပ်နေခဲ့ပါတယ်။ သမီးဖြစ်သူမှာမိသားစုကို ထောက်ပံ့ဖို့အတွက် သူ့ပိုက်ဆံတွေကို ပုံမှန်ပြန်မပို့နိုင်ဘူး။ ဒါကြောင့် ဒေါ်ပိုးပိုးသည် သူမ၏ ပခုံးပေါ်တွင် အပိုဝန်ထုပ်ဝန်ပိုး ရှိနေပြန်ပါတယ်။


ဒေါ်ပိုးပိုး၏ သမီးက အခုဆို ဟင်းသီး ဟင်းရွက်ရောင်းတဲ့ နေရာမှာ အကူ အဖြစ် လုပ်နေပါတယ်။
တစ်ရက်ကို ၁၅၀၀ ရရှိပါတယ် ။
သမီးအငယ် နှစ်ယောက် ရန်ကုန်မှာ အိမ်အကူ လုပ်နေပါတယ်။
တကယ်တော့ ဒီသမီးတွေ ရန်ကုန်မြို့ကို ပြောင်းရွှေ့နေထိုင်ရတာကို ဒေါ်ပိုးပိုး မကြိုက်ပေမယ့်လည်း
တစ်ဖက်တစ်လမ်းက မိခင်ကို ဝင်ငွေရှာပေးခြင်းကြောင့် လက်ခံခဲ့ရပါတယ်။
ယခုအချိန်မှာတော့ ဒေါ်ပိုးပိုးမှာ
ပန်းနာရင်ကျပ် ရောဂါခံစားနေရပါတယ်။




ဒေါ်ပိုးပိုးဟာ ချေးငွေပြန်မဆပ်နိုင်တော့မှာကို ကြောက်လို့
ဘယ်အဖွဲ့အစည်း ဒါမှမဟုတ် ပုဂ္ဂိုလ်ထံမှ ပိုက်ဆံမချေး ခဲ့ဖူးပါဘူး။
ရွာတွင် မိုးခေါင်ရေရှားချိန်မှာတော့ ရန်ကုန်သို့ အိမ်ဖော်အဖြစ် ပြောင်းရွှေ့လုပ်ကိုင်နေသော
သူမ၏သမီးနှစ်ယောက်၏ ထောက်ပံ့ငွေဖြင့် ရပ်တည်ခဲ့ရပါတယ်။
ဒေါ်ပိုးပိုးသည် ယုံကြည်မှုရှိသော မိန်းမဖြစ်သည်။
သူမကိုယ်သူမအားကိုးပြီး သူမဘဝတစ်လျှောက်
လုံး အလွန်ကြိုးစားအားထုတ်ခဲ့ပါသည်။
သူမဘဝတွင် ရုန်းကန်မှုများ များစွာရှိခဲ့သည်။
သူမသည် သားသမီးများ ကြီးပြင်းလာသည်အထိ
ခင်ပွန်းမရှိဘဲ ၁၅ နှစ်ကြာအောင် မိမိအိမ်ထောင်စု
ကိုအဘက်ဘက်မှ ကာကွယ်စောင့်ရှောက်ခဲ့သူ
တစ်ဦးဖြစ်ပါသည်။

## ဆွေးနွေးချက်

ဒေါ်ပိုးပိုး၏စွမ်းဆောင်မှု နှင့် အားနည်းချက်အကြောင်းကို ဆွေးနွေးတဲ့အခါ အောက်ပါအချက်များကို အခြေခံ၍ ဆွေးနွေးပါ။ တက်ရောက်ဆွေးနွေးသူများအား ဒေါ်ပိုးပိုး၏စွမ်းဆောင်မှုနှင့် အားနည်းချက်ကို အောက်ပါအချက်များကိုအခြေခံ၍ ရွေးချယ်ခိုင်းပါ။

ဒေါ်ပိုးပိုး၏ဖြစ်ရပ်မှန်လေ့လာမှုတွင်၊ သူမ၏ စွမ်းဆောင်မှု နှင့် ကြိုးစားမှုက သူမ၏ အားနည်းချက် အခက်အခဲများ နှင့် တန်းတူညီမျှနေတယ်ဆိုတာကို ပေါ်လွင်အောင် ဆွေးနွေးပေးပါ။ (သူမ၏အိမ်ထောင်စုသည် ရုန်းကန်မှုများ များစွာရှိသော်လည်း သူမ၏ အိမ်ထောင်စုသည် "ခံနိုင်ရည်ရှိသောအိမ်ထောင်စု" အမျိုးအစားဖြစ်သည်။ သူမ၏ ကန့်သတ်ချက်များ နှင့် လုပ်ဆောင်ချက်များသည် တူညီသောအလေးချိန်ဖြစ်သည်။ ယခုအခါ သမီးငယ် နှစ်ဦးသည် ရန်ကုန်မြို့ တွင် အိမ်အကူအဖြစ် လုပ်ကိုင်နေသောကြောင့် အိမ်ထောင်စု၏ စီးပွားရေးမှာ အကျဘက်သို့ မရောက်သေးပါ။ သူမသည် အဓိကအစားအစာကို ချိန်ညှိခြင်း၊ ကွဲပြားသောဝင်ငွေရှာဖွေခြင်းကဲ့သို့သော ရှင်သန်မှု နည်းလမ်းများစွာကို အသုံးပြုခဲ့ပြီး ၎င်းတို့၏နေ့စဉ်ဘဝ၏အခက်အခဲများကို ကျော်လွှားရန် ကြိုးစားခဲ့သည်)။

- ခင်ပွန်းသည်သည် အရက်သောက်သူဖြစ်ပြီး ပျင်းရိကာ အချောင်သမား ဖြစ်ပါတယ်။
- ဒေါ်ပိုးပိုးအိမ်ထောင်ကွဲပြီးချိန်တွင် သမီးလေး ၄ ဦးနှင့် အငယ်ဆုံးမှာ ၇ လသာ ရှိသေးပါတယ်။
- သူမသည် ကလေးလေးယောက်အတွက် နေထိုင်စားသောက် ရုန်းကန်နေရသောကြောင့် စိတ်ဖိစီးမှုများခဲ့ပြီး မိခင်နို့ရေအလုံအလောက် မထွက်ရှိခဲ့ပါဘူး။
- သားသမီးတွေကလည်း သူတို့အမေကို မကူညီနိုင်ခဲ့ဘူး။ သူမသည် အိမ်မှုကိစ္စများကို စောစောလုပ်ကာ ကောက်စိုက်ခင်းသို့ မသွားမီ သားသမီးများအတွက် နံနက်စာ စီစဉ်ပေးခဲ့ပါတယ်။
- သူမသည် နေ့တစ်ဝက်အလုပ်လုပ်ပြီး သားသမီးများအတွက် နေ့လည်စာစီစဉ်ရန်အတွက် သူ့လူကြီးထံမှ နေ့တစ်ဝက်ကြေးငွေ တောင်းကာ ပြန်လာခဲ့ရပါတယ်။
- စိုက်ပျိုးချိန် ကုန်ဆုံးချိန်တွင် ရွာပတ်ပတ်လည်တွင် ရေသယ်ခြင်း၊ ဟင်းသီးဟင်းရွက်များ ရောင်းချခြင်းဖြင့် ရရှိသည့် ဝင်ငွေဖြင့် ရပ်တည်ခဲ့ပါတယ်။





- ချေးငွေဝန်ထုပ်ဝန်ပိုးကို ကြောက်သောကြောင့် အဖွဲ့အစည်း သို့မဟုတ် လူများထံမှ ငွေချေးခြင်းကို မကြိုက်ပါ။
- နိုင်ငံတကာ ကူညီပံ့ပိုးသောအဖွဲ့အစည်းများ၏ ထောက်ပံ့မှုကြောင့် သူမ၏ အသက် ၁၂ နှစ်ရှိသော သမီးအငယ်ဆုံးနှင့် သူမ၏ မြေးမနှင့်အတူ မူလတန်းကျောင်းတွင် တက်ခွင့်ရခဲ့ပါသည်။ သူမ၏ ကျန်ကလေးများမှာ စာမတတ်ကြပါ။
- ဒေါ်ပိုးပိုး၏သမီးနဲ့သားမက်က မြို့မှာ အလုပ်သွားလုပ်ပေမယ့် သားသမီး သုံးဦးသည် ဒေါ်ပိုးပိုးနှင့်အတူ ကျန်ခဲ့သည်။ ကလေးသုံးယောက်အတွက် ပိုက်ဆံမထောက်ပံ့နိုင်လို့ သူမ၏ ပခုံးပေါ်တွင် အပိုဝန်ထုပ်ဝန်ပိုး ဖြစ်နေပါတယ်။
- ဒေါ်ပိုးပိုး၏ သမီးအငယ်က အခုဆို ဟင်းသီး ဟင်းရွက်ရောင်းတဲ့ နေရာမှာ အကူအဖြစ် လုပ်နေပါတယ်။ တစ်ရက်ကို ၁၅၀၀ ရရှိပါတယ် ။ သမီး နှစ်ယောက် ရန်ကုန်မှာ အိမ်အကူ  လုပ်ကိုင်နေသောကြောင့် သူတို့အမေဆီ ပိုက်ဆံပြန်ပို့နေပါတယ်။
- ယခုအချိန်မှာတော့ ဒေါ်ပိုးပိုးမှာ ပန်းနာရင်ကျပ် ရောဂါခံစားနေရပါတယ်။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ ဒေါ်ပိုးပိုးသည် သူ့ဘဝတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ကျော်လွှားရန် မည်သည့်နည်းလမ်း ကို အသုံးပြုခဲ့သနည်း။

၂။ ဒေါ်ပိုးပိုးရဲ့ ကောင်းမွန်တဲ့ အလေ့အကျင့်တွေက ဘာတွေလဲ။

၃။ ဤဘဝဇာတ်ကြောင်းမှ သင်ရရှိခဲ့သော အရေးကြီးဆုံးသင်ခန်းစာကား အဘယ်နည်း။

၄။ သင်က ဒေါ်ပိုးပိုးဆိုရင် ပိုမိုကောင်းမွန်တဲ့ဘဝရဖို့ ဝင်ငွေကို ဘယ်လိုစီမံသင့်လဲ။

ဖြစ်ရပ်မှန်လေ့လာမှု (၃)

**ဒေါ်အုန်း**


ဒေါ်အုန်းသည် အသက် ၅၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်သည်။
ခင်ပွန်းသည် လွန်ခဲ့သည့် ဆယ်နှစ်ခန့်က ကားမတော်တဆမှုကြောင့် သေဆုံးသွားခဲ့သည်။
သူမသည် ကလေးလေးယောက်မိခင်ဖြစ်သည်။ သူမသည် မြေယာမဲ့ဖြစ်သောကြောင့် တစ်သက်လုံး အလုပ်ကြမ်းသမားအဖြစ် လုပ်ကိုင်ခဲ့ပြီး ခင်ပွန်းသည် အသက်ရှင်စဉ် ကတည်းက ထိုသို့လုပ်ဆောင်ခဲ့သည်။
ခင်ပွန်းသည် လက်ထက်က နွားတစ်စုံ ရှိခဲ့သည်။




ဒေါ်အုန်း၏ခင်ပွန်းသည် အသက်ရှင်စဉ်က သူ့မိသားစု အဆင်ပြေပြေ နေနိုင်စေရန်အတွက် အခြားလယ်မြေများတွင် နွားများနှင့် အလုပ်လုပ်ခဲ့ပါတယ်။ ခင်ပွန်းသည် ကွယ်လွန်ချိန်မှာတော့ အကြီးဆုံးသမီးမှာ ၁၃ နှစ်ဖြစ်ပြီး အငယ်ဆုံးမှာ တစ်နှစ်သာရှိပါသေးတယ်။
ခင်ပွန်းကွယ်လွန်ပြီးနောက် ကောက်ပဲသီးနှံရာသီပြီးချိန်တွင် အခြားနေရာများသို့ ယာယီရွှေ့ပြောင်းလုပ်ကိုင်ခဲ့ရပါတယ်။သူမအခြားနေရာများသို့ အလုပ်လုပ်သည့်အခါ သူ့သားသမီးများကို သူမနှင့်အတူတစ်ပါတည်း ခေါ်ဆောင်လာခဲ့ရပါတယ်။
သူမ၏ တစ်နေ့တာ ဝင်ငွေက ကျပ် ၂၀၀၀ ဖြစ်ပြီး သူမရဲ့ ကလေးလေးယောက်ကို ကျွေးမွေးဖို့ လုံလောက်တဲ့ ငွေကြေး မရရှိခဲ့ပါဘူး။


ဒါကြောင့် ခင်ပွန်းသည်လက်ထက်က ကျန်ရစ်ခဲ့သော နွားများကို ရောင်းစားခဲ့ရပါတယ်။
ဆင်းရဲနွမ်းပါးသောကြောင့် သားသမီးများမှာလည်း ပညာသင်ကြားခွင့်မရခဲ့ပါဘူး။ စာမတတ်ခြင်းသည် ၎င်းတို့၏ အနာဂတ်အောင်မြင်မှုအတွက် အမြဲတစေ အတားအဆီးတစ်ခုဖြစ်ခဲ့ပါတယ်။
အခြေခံပညာအထက်တ
မိသားစု ဝင်ငွေမလုံလောက်ခြင်းကြောင့် ဆန်မဝယ်နိုင်ပါဘူး။ ဒါကြောင့် မိသားစု၏ ပုံမှန်အစားအစာများမှာ ပြောင်းစေ့များဖြစ်သည်။ ညစာစားတော့လည်း ဟင်း မပါဝင်ခဲ့ပါဘူး။ ပြောင်းစေ့များဟာ မိသားစု တစ်နေ့တာ၏ တစ်ခုတည်းသော အစားအစာအဖြစ် ရံဖန်ရံခါတိုင်း စားခဲ့ရပါတယ်။




ဒေါ်အုန်းမိသားစု၏ အခြား အပိုငွေရှာရန်နည်းလမ်းတစ်ခုမှာ နှမ်းစေ့ကောက်သောနည်းလမ်းဖြစ်သည်။ ဥပမာအားဖြင့် နှမ်းကောက်သည့် အလုပ်သမားအုပ်စုတွင် အများအားဖြင့် လူငါးဦးပါဝင်သော်လည်း ဒေါ်အုန်းနှင့် သမီးများသည် ငါးဦးအစား လူသုံးဦးဖြင့် အုပ်စုဖွဲ့ကာ အပိုလုပ်ခ နှစ်ဆ ရရန်အတွက် အလုပ်သမားငါးဦးအဖြစ် လုပ်ကိုင်ကြရပါတယ်။ ဒီလိုလုပ်ကိုင်မှ နောက်ထပ် ၄,၀၀၀ ကျပ်လောက် အပိုရနိုင်မှာပါ။
အငယ်ဆုံးကလေးမှာ ရေထမ်းရောင်းကာ တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ကူညီပါသည်။
ဒေါ်အုန်းနှင့်သမီးအငယ်လေးမှာ ထန်းပင်အကြွင်းအကျန်များကို ပြန်လည်ကောက်ယူပြီး ထင်းအစားထိုးလောင်စာအဖြစ် ပြန်လည်ရောင်းချရပါတယ်။


ဒေါ်အုန်းသည် ကုန်ပစ္စည်းများရောင်းချလိုသော်လည်း ငွေကြေး အလုံ အလောက်မရှိသဖြင့် ရင်းနှီးမြုပ်နှံမှုမပြုလုပ်နိုင်ပါ။ ပြည်တွင်း ကူညီပံ့ပိုးသောအဖွဲ့အစည်းများ (NGO) မှ ငွေချေး ယူခြင်းကြောင့် ယူသူတိုင်း နှစ်ပတ်လျှင် ငွေကျပ် ၂၀၀၀ ပြန်ဆပ်ရန် လိုအပ်ပါတယ်။
မိုးခေါင်ရေရှားချိန်မှာတော့ ဒေါ်အုန်းနှင့် ကလေးနှစ်ဦးသည် လယ်မထွန်နိုင်သောမြေအား စိုက်ပျိုးနိုင်သောမြေအဖြစ် ပြောင်းလဲရေး စီမံချက်အတွက် နေ့စား အလုပ်သမား၊ အဖြစ် အလုပ်လုပ်ရန် မင်းဘူးမြို့နယ်သို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ကြပါတယ်။




ထိုနေရာတွင် ငှက်ဖျားပိုး ရှိသောကြောင့် ဒေါ်အုန်းနှင့် ကလေးနှစ်ဦးသည် အလွယ်တကူ ငှက်ဖျားပိုး ကူးစက်ခံခဲ့ရပါတယ်။
ဒ့ါအပြင်ထိုအလုပ်ဆိုဒ် တွင် ကျား၊မ ခွဲခြားမှု ရှိ သောကြောင့် ဒေါ်အုန်းနှင့် ကလေးနှစ်ဦး မှ အမျိုးသားများလောက် လုပ်အားခ မရခဲ့ပါဘူး။
နောက်ဆုံး ငွေရှာမရသည့် အချိန်တွင် အမြစ်တွယ်ထားသော မြေပဲနှင့် နှမ်းတို့ကို ကောက်ယူရသည့်အလုပ်ကိုလုပ်ကိုင်ခဲ့ရပါတယ်။
ဤအလုပ်မှာ ရွာသားအများစုအတွက် အလွန်ခက်ခဲသော အလုပ်တစ်ခုဖြစ်ပါတယ်။
ဒေါ်အုန်းတွင် အသက် ၁၈ နှစ်နှင့် ၁၀ နှစ်ကြား သမီးငယ် နှစ်ဦးနှင့် အိမ်ထောင်ကျပြီး သမီးကြီး နှစ်ဦးရှိပါတယ်။ ဒေါ်အုန်းသည် အိမ်ထောင်ရှိ သမီးကြီးနှစ်ယောက်က မထောက်ပံ့နိုင်သောကြောင့် သူ့သမီးငယ်နှစ်ယောက်နှင့်အတူနေ့စဉ်ဘဝကို ရုန်းကန် နေရဆဲဖြစ်ပါတယ်။

## ဆွေးနွေးချက်

ဒေါ်အုန်း၏ စွမ်းဆောင်မှု နှင့် အားနည်းချက်အကြောင်းကို ဆွေးနွေးတဲ့အခါ အောက်ပါအချက်များကို အခြေခံ၍ဆွေးနွေးပါ။ တက်ရောက်ဆွေးနွေးသူများအား ဒေါ်အုန်း၏ စွမ်းဆောင်မှုနှင့်အားနည်းချက်ကို အောက်ပါအချက်များကိုအခြေခံ၍ ရွေးချယ်ခိုင်းပါ။

ဒေါ်အုန်း၏ဖြစ်ရပ်မှန်လေ့လာမှုတွင်၊ သူမ၏ စွမ်းဆောင်မှု နှင့် ကြိုးစားမှုက သူမ၏ အားနည်းချက် အခက်အခဲများကို မကျော်လွှားနိုင်တာကို ပေါ်လွင်အောင် ဆွေးနွေးပေးပါ။ (ဒေါ်အုန်း၏ မိသားစုသည် ဆင်းရဲမွဲတေကာ ငွေကြေးအရင်းမြစ်များ မရရှိသောကြောင့် ဆက်လက်ဆင်းရဲနေဦးမည်ဖြစ်သည်။ သူမသည် ရှင်သန်မှုနည်းလမ်းမျိုးစုံကို ကျင့်သုံးနေသော်လည်း ပိုင်ဆိုင်မှုများကို သုံးစွဲခွင့်မရှိသောကြောင့် သူမ၏လုပ်ဆောင်နိုင်မှုဖြင့် သူမ၏ကန့်သတ်ချက်များကိုလျှော့ချ သက်သာစေမည်မဟုတ်ပေ)။

- ဒေါ်အုန်း၏ခင်ပွန်းသည် အသက်ရှင်စဉ်က သူ့မိသားစု အဆင်ပြေပြေ နေနိုင်စေရန် အတွက် အခြားလယ်မြေများတွင် နွားများနှင့် အလုပ်လုပ်ခဲ့ပါတယ်။
- ခင်ပွန်းသည် ကွယ်လွန်ချိန်မှာတော့ အကြီးဆုံးသမီးမှာ ၁၃ နှစ်ဖြစ်ပြီး အငယ်ဆုံးမှာ တစ်နှစ်သာရှိပါသေးတယ်။
- သူမ၏ တစ်နေ့တာ ဝင်ငွေက ကျပ် ၂၀၀၀ ဖြစ်ပြီး သူမရဲ့ ကလေးလေးယောက်ကို ကျွေးမွေးဖို့ ခင်ပွန်းသည်လက်ထက်က ကျန်ရစ်ခဲ့သော နွားများကို ရောင်းစားခဲ့ရပါတယ်။
- ခင်ပွန်းကွယ်လွန်ပြီးနောက် ကောက်ပဲသီးနှံရာသီပြီးချိန်တွင် အခြားနေရာများသို့ ယာယီရွှေ့ပြောင်းလုပ်ကိုင်ခဲ့ရပါတယ်။ ထိုအလုပ်တွင် ကျား၊မ ခွဲခြားမှုရှိသောကြောင့် ဒေါ်အုန်းနှင့် ကလေးနှစ်ဦးမှာ အမျိုးသားများလောက် လုပ်အားခ မရခဲ့ပါ။
- ဆင်းရဲနွမ်းပါးသောကြောင့် သားသမီးများမှာလည်း ပညာသင်ကြားခွင့် မရခဲ့ပါဘူး။ စာမတတ်ခြင်းသည် ၎င်းတို့၏ အနာဂတ်အောင်မြင်မှုအတွက် အမြဲတစေအတားအဆီး တစ်ခုဖြစ်ခဲ့ပါတယ်။
- မိသားစု ဝင်ငွေမလုံလောက်ခြင်းကြောင့် ဆန်မဝယ်နိုင်ပါဘူး။ ညစာစားတော့လည်း ဟင်း မပါဝင်ခဲ့ပါဘူး။
- ဒေါ်အုန်းမိသားစု၏ အခြား အပိုငွေရှာရန်နည်းလမ်းတစ်ခုမှာ နှမ်းစေ့ကောက်သော နည်းလမ်း ဖြစ်သည်။ ငွေရှာမရသည့် အချိန်တွင် အမြစ်တွယ်ထားသော မြေပဲနှင့် နှမ်းတို့ကို ကောက်ယူရသည့်အလုပ်ကိုလုပ်ကိုင်ခဲ့ရပါတယ်။
- အငယ်ဆုံးကလေးမှာ ရေထမ်းရောင်းကာ တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ကူညီပါသည်။
- ဒေါ်အုန်းနှင့်သမီးအငယ်လေးမှာ ထန်းပင်အကြွင်းအကျန်များကို ပြန်လည်ကောက်ယူပြီး ထင်းအစားထိုးလောင်စာအဖြစ် ပြန်လည်ရောင်းချရပါတယ်။
  ဒေါ်အုန်းသည် ကုန်ပစ္စည်းများရောင်းချလိုသော်လည်း ငွေကြေး အလုံအလောက်မရှိသဖြင့် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်နိုင်ပါ။
- ပြည်တွင်း ကူညီပံ့ပိုးသောအဖွဲ့အစည်းများ (NGO) မှ ငွေချေးယူခြင်းကြောင့် ယူသူတိုင်း နှစ်ပတ်လျှင် ငွေကျပ် ၂၀၀၀ ပြန်ဆပ်ရန် လိုအပ်ပါတယ်။
- ဈေးဦးမပေါက်ခင် အကြွေးမပေးသဖြင့် နေ့လည်ထမင်းစားချိန်နီးမှ အကြွေးရသောကြောင့် "မနက် ၁၀ နာရီအထိ မနက်စာ မပြင်ဆင်နိုင်သေး ပါ"
- ဒေါ်အုန်းသည် အိမ်ထောင်ရှိ သမီးကြီးနှစ်ယောက်က မထောက်ပံ့နိုင်သောကြောင့် သူ့သမီးငယ်နှစ်ယောက်နှင့်အတူ နေ့စဉ်ဘဝကို ရုန်းကန်နေရဆဲဖြစ်ပါတယ်။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ ဒေါ်အုန်းသည် သူ့ဘဝတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ကျော်လွှားရန် မည်သည့်နည်း လမ်းကို အသုံးပြုခဲ့သနည်း။

၂။ ဒေါ်အုန်း၏ ဆင်းရဲမွဲတေမှု အကြောင်းရင်းကား အဘယ်နည်း။

၃။ ဤဘဝဇာတ်ကြောင်းမှ သင်ရရှိခဲ့သော အရေးကြီးဆုံးသင်ခန်းစာကား အဘယ်နည်း။

၄။ သင်က ဒေါ်အုန်းဆိုရင် ပိုမိုကောင်းမွန်တဲ့ဘဝရဖို့ ဝင်ငွေကို ဘယ်လိုစီမံသင့်လဲ။

ဒေါ်မိုးမိုး၊ ဒေါ်ပိုးပိုးနှင့် ဒေါ်အုန်းတို့၏ ဇာတ်လမ်းများကို နှိုင်းယှဉ်ကြည့်ပါ။

| | စွမ်းဆောင်မှု | အားနည်းချက် | လေ့လာ သုံးသပ်ချက် |
| --- | --- | --- | --- |
| ဒေါ်မိုးမိုး | | | |
| ဒေါ်ပိုးပိုး | | | |
| ဒေါ်အုန်း | | | |

ဤစာအုပ်ကို အခွင့်အရေးအခြေခံ စည်းရုံးချဉ်းကပ်မှုနှင့်
မြန်မာနိုင်ငံရှိ မြေယာလုပ်ပိုင်ခွင့်၊ နိုင်ငံသားတရားဝင်
အထောက်အထားရပိုင်ခွင့်နှင့် အမျိုးသမီးအခွင့်အရေးများ
မြှင့်တင်ရေးအတွက် ဆောင်ရွက်နေသော
စီမံကိန်းမှ ထုတ်ဝေပါသည်။

လူသရမ်ဝေါလ် ဖက်ဒရေးရှင်း (မြန်မာ)မှ
အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

THE LUTHERAN WORLD FEDERATION
actalliance

အလှူရှင်အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှု ပံ့ပိုးမှုဖြင့်
ဆောင်ရွက်လျက်ရှိသည်။

Australian Lutheran World Service
act Church of Sweden
Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Federal Department of Foreign Affairs FDFA
FCA Finn Church Aid

THE LUTHERAN WORLD FEDERATION

actalliance

လူသရမ်ဝေါလ် ဖက်ဒရေးရှင်း (မြန်မာ)
အမှတ်(၁၁)ကန်လမ်း၊
ဆင်ဖြူတော်ဟိုတယ်၊ ၆ ထပ်နှင့် ၇ ထပ်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၉ ၇၉၃ ၁၁၉ ၉၇၁၊ ၀၉ ၇၉၃ ၁၁၉ ၉၇၂
Website: myanmar.lutheranworld.org

ဇွန်လ ၂၀၂၂